4.9.2015 လက်ခံရရှိပါသည်

အလုပ်ရုံနှင့်အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန
လှိုင်သာယာစက်မှုဇုန်ရုံး
စာအမှတ်၊ ၁၂၈/၂/ အလရ - ဥပဒေ /၁၅(၁၅၅၃)
ရက်စွဲ၊ ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ၊ ၅ ရက်

သို့

လုပ်ငန်းပိုင်ရှင်/မန်နေဂျာ/တာဝန်ခံ

----------------------------------------စက်ရုံ/အလုပ်ရုံ/အလုပ်ဌာန/ကုမ္ပဏီ

အကြောင်းအရာ။ **အနည်းဆုံးအခကြေးငွေအမိန့်နှင့်ဆက်စပ်၍ လုပ်ခလစာ၊ အလုပ်ချိန်၊ အချိန်ပို လုပ်ခတွက်ချက်နည်းများကိစ္စ**

ရည်ညွှန်းချက် ။ ဦးစီးဌာန၊ ရုံးချုပ် (နေပြည်တော်)၏ ၅-၁၀-၂၀၁၅ ရက်စွဲပါ စာအမှတ်၊ ၆၆၈/၅/အလရ-ဥပဒေ ၂/၂၀၁၅ (၄၈၈၁)

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ အနည်းဆုံးအခကြေးငွေ သတ်မှတ်ရေးဆိုင်ရာ အမျိုးသားကော်မတီက အနည်းဆုံးအခကြေးငွေကို ၂၈-၈-၂၀၁၅ ရက်နေ့တွင် (အမိန့်ကြော်ငြာစာအမှတ် ၂/ ၂၀၁၅) ဖြင့် အတည်ပြု ထုတ်ပြန်ခဲ့ပါသည်။

၂။ အမိန့်ကြော်ငြာစာတွင် **"မြန်မာနိုင်ငံရှိ အလုပ်သမားများအတွက် နေရာဒေသနှင့် လုပ်ငန်း အမျိုးအစားမခွဲခြားဘဲ ၁-၉-၂၀၁၅ ရက်နေ့မှစ၍ တစ်နိုင်ငံလုံး၊ တစ်ပြေးညီ သတ်မှတ်သည့် အနည်းဆုံး အခကြေးငွေမှာ တစ်နာရီလျှင် ကျပ် (၄၅၀/-) (ကျပ်လေးရာငါးဆယ်တိတိ) နှုန်းဖြင့် အလုပ်ချိန် (၈)နာရီ တစ်ရက်အတွက် ကျပ် (၃၆၀၀/-) (ကျပ်သုံးထောင်ခြောက်ရာတိတိ)ဖြစ်ကြောင်းနှင့် ယင်းသတ်မှတ်သည့် အလုပ်သမား(၁၅)ဦးနှင့် အောက်ရှိသည့် လုပ်ငန်းများ၊ မိသားစု တစ်ပိုင်တစ်နိုင် လုပ်ငန်းများနှင့် သက်ဆိုင်မှုမရှိကြောင်း"** ဖော်ပြပါရှိပါသည်။

၃။ ထိုသို့ သတ်မှတ်ပြဋ္ဌာန်းပြီးနောက် လုပ်ခလစာ၊ အလုပ်ချိန်နှင့် အချိန်ပိုလုပ်အားခ တွက်ချက်မှုများနှင့် ပတ်သက်၍ အလုပ်ရှင်၊ အလုပ်သမားအကြား အငြင်းပွားမှု၊ နားလည်မှုလွဲမှားမှုများ ရှိနေ ကြောင်း စိစစ်တွေ့ရှိရပါသည်။ သို့ဖြစ်၍ လုပ်ခလစာပေးချေခြင်း၊ အလုပ်ချိန်သတ်မှတ်ခြင်း၊ အချိန်ပို လုပ်ခ တွက်ချက်ခြင်းတို့နှင့်ပတ်သက်၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်သွားရန် ဖြစ်သည်-

(က) လုပ်ခလစာ ပေးချေခြင်းနှင့်ပတ်သက်၍ စက်ရုံ၊အလုပ်ရုံ၊ ကုမ္ပဏီများတွင် လုပ်ခ၊ လစာ ပေးရာ၌ လစာပေး ခေါင်းစဉ်များပြားမှုကြောင့် အငြင်းပွားမှုများရှိနေ၍ အလုပ်သမား ညွှန်ကြားရေးဦးစီးဌာနက လုပ်ခလစာပေးပုံစံ (Pay Slip)ကို ၃-၆-၂၀၁၅ ရက်နေ့တွင် ထုန်ပြန်ခဲ့ပြီး ထိုပုံစံ (Pay Slip) အမှတ်စဉ် ၉ ပါ အခြားဆိုသည့် ခေါင်းစဉ်အောက်တွင် အလုပ်ရှင်က မိမိလုပ်ငန်းသဘာဝအပေါ် မူတည်၍ ရက်မှန်ကြေး၊ ကျွမ်းကျင်မှုဆုကြေး၊ ထုတ်လုပ်မှုဆုကြေး၊ လုပ်သက်ဆုကြေးနှင့် ထောက်ပံ့ကြေးတို့ကို စဉ်းစားနိုင်ကြောင်း ဖော်ပြပြီး ဖြစ်ရာ (Pay Slip) ကို အလုပ်ရှင်၊အလုပ်သမားနှစ်ဖက်ကောင်းစွာ ရှင်းလင်း သဘောပေါက်နိုင် သဖြင့် အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ်နှင့်အတူ ပူးတွဲ ဖော်ပြထားသည့် (Pay Slip) ဖြင့် လစာထုတ်ပေးကြရမည်ဖြစ်ကြောင်း ၃၁-၈-၂၀၁၅ ရက်စွဲဖြင့် ဝန်ကြီးဌာနက ထုတ်ပြန်ကြော်ငြာ ထားပါသည်။ သို့ဖြစ်၍ လုပ်ခလစာ ပေးချေ

ရာတွင် အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ် ပါ ပူးတွဲလစာထုတ်ပေးမှု မှတ်တ
စာအုပ်ပုံစံ (Pay Slip) အတိုင်း ထုတ်ပေးရန် ဖြစ်ပါသည်။

(ခ) အလုပ်ချိန် သတ်မှတ်ခြင်းနှင့် ပတ်သက်၍ ရက်သတ္တတစ်ပတ် (၄၄)နာရီလုပ်ကိုင် ပြုသော လုပ်ငန်းများတွင် တစ်နေ့ (၈)နာရီနှုန်းဖြင့် (၅)ရက်ခွဲ အလုပ်ဆင်း၊ (၁)ရက် အလုပ်နားသော စနစ်တွင် စနေနေ့တစ်ဝက် လုပ်အားခနှင့်ပတ်သက်၍ အလုပ် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန၏ ၁၁-၂-၂၀၁၅ ရက်စွဲပါ ပြေ၈/၅/အလရ-ဥပ ၂/၁၅ (၄၅၆၅)ဖြင့် ညွှန်ကြားထားပြီး ဖြစ်ပါသည်။ ၁၉၅၁ခုနှစ်၊ ခွင့်ရက်နှင့်အလုပ် ပိတ်ရက်ဥပဒေ ပုဒ်မ ၃၊ ပုဒ်မခွဲ (၄)တွင်လည်း အလုပ်ရှင်သည် အလုပ်သမားများအား ရက်သတ္တပတ်လျှင် အနည်းဆုံး တစ်ရက်ကို အခကြေးငွေ သို့မဟုတ် လစာငွေ အပြည့် အနားပေးရမည်ဟု ပြဋ္ဌာန်းထားရာ (၁)ရက်ခွဲနား စနစ်တွင် (၁)ရက်ခွဲအတွက် လုပ်ခလစာ အပြည့်ပေးရမည်ဖြစ်ပါသည်။

(ဂ) အချိန်ပိုလုပ်အားခတွက်ချက်ခြင်းနှင့် ပတ်သက်၍ အနည်းဆုံးအခကြေးငွေ အမိန့် တစ်နာရီ ကျပ်(၄၅၀/-)၊ တစ်ရက် ကျပ်(၃၆၀၀/-)ဟု ဖော်ပြထားသဖြင့် သတ်မှတ် အနည်း အခကြေးငွေ ကျပ် (၃၆၀၀/-)နှုန်း ပေးရသော အလုပ်သမားများအတွက် (၁)နာ အချိန်ပိုလုပ်ခနှုန်းကို (၄၅၀ x ၂) = ၉၀၀/- နှုန်းဖြင့် လည်းကောင်း၊ တစ်ရက်လုပ်ခ ကျပ်(၃၆၀၀/-)ထက်ပို၍ ပေးရသော နေ့စား၊ လစား၊ ပုတ်ပြတ်အလုပ် သမားများ (၁)နာရီအချိန်ပိုလုပ်ခနှုန်း တွက်ချက်ရာတွင် ကျင့်သုံးဆဲ ဖြစ်သည့် ထုတ်ပြန်ပြီး အမှာစာနှ တည်မြဲအမိန့်ပါ ပုံသေနည်းအတိုင်းလည်းကောင်း တွက်ချက် ထုတ်ပေးရန် ဖြစ်ပါသည်

၄။ သို့ဖြစ်၍ စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများတွင် လုပ်ခလစာ အလုပ်ချိန် အချိန်ပို တွက်ချက်ခြင်းများနှင့် စပ်လျဉ်း၍ အထက် အပိုဒ် ၃ ပါအတိုင်း အခြေခံ၍ လိုက်နာဆောင်ရွက် အသိပေးအကြောင်းကြားပါသည်။

(ဇော်ဝင်း)
လက်ထောက်ညွှန်ကြားရေးမှူး
လှိုင်သာယာစက်မှုဇုန်ရုံး

မိတ္တူကို-

တိုင်းဒေသကြီးစစ်ဆေးရေးမှူး၊ အလုပ်ရုံနှင့် အလုပ်သမားဥပဒေ စစ်ဆေးရေးဦးစီး ဌာန
ရန်ကုန်တိုင်းဒေသကြီး။
ရုံးလက်ခံ။